ရွှေကျင်ကျေးရွာ

မိုင်းနားကျေးရွာအုပ်စု၊ ဝိုင်းမော်မြို့နယ်

ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၇-၂၀၂၁)

ပြုစုရေးဆွဲရေးသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေကျင်ကျေးရွာ၊ဝိုင်းမော်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ခုနှစ် ၊ဇန်နဝါရီလ

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ရွှေကျင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဝိုင်းမော်မြို့နယ် ၇

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၈

(၁) နိဒါန်း –ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၀

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ –ဝင်ငွေ ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု– လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ ၁၆

(၇) ကျေးရွာတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၇

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ ၁၈

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၄

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၅

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား-၁ လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား-၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား-၃ လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားနှုန်းထား

ဇယား-၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား-၅ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား-၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား-၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား-၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား-၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား-၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ
ဇယား-၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား-၁၂ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား-၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား-၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဇရိယာ
ဇယား-၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား-၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား-၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား-၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား-၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား-၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား-၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား-၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ
ဇယား-၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ
ဇယား-၂၅ ရွှေ့ပြောင်းသွာလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား-၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန့်ပို့ငွေ
ဇယား-၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား-၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား-၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား-၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား-၃၁ ကျောင်းတက်နှုန်း
ဇယား-၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား-၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား-၃၄ အဖြစ်များသော ရောဂါများ
ဇယား-၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား-၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား-၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား-၃၈ အိမ်သာအမျိုးအစား
ဇယား-၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား-၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား-၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား-၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား-၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား-၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား-၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား-၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား-၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား-၄၈ မူခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း
အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ
DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB မြန်မာ့စီးပွားရေးဘဏ်
MMK မြန်မာကျပ်
MOALI စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
NGO အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
STD လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ
PTA မိဘဆရာအသင်း
TB တီဘီရောဂါ
VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာ များပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါ သည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိ ခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိ ရုံသာမက ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းကဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှ လည်း ကောက်ယူရရှိခဲ့ ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာ များမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်း ဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်း ဆောင် ရွက် နေမှုတစ်ဝက်ခန့်အရောက်သည် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှု များနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှု များ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည် ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါ ကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့် ငွေကြေး ဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည်

စီမံကိန်းဆိုင်ရာ အချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

ဇန်နဝါရီလ၊၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရွှေကျင်ကျေးရွာ
ဝိုင်းမော်မြို့နယ်

ရွှေကျင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝိုင်းမော်မြို့နယ်



7

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံ အတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိ ရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာ အစီအစဉ် ကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည် ဖော် ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေ ရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေ သော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင် ရွက်လိုသည့် ရည်မှန်း ချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက် များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေး လုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာ များနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထား ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်၊ ဗျူဟာမြောက်ဆောင်ရွက် လာနိုင် မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ **စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤတို့ဖြင့် လုပ်ငန်းများ ကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို

ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည် ၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါ သည်။

(၂)**ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

(က) **တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် ဝိုင်းမော်ကားလမ်းပေါ်တည်ရှိပြီး မြစ်ကြီးနားမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှ (၈၀")မှ(၁၀၀") ဝန်းကျင် တွင် ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ အတွက် အသင့်တင့်အထောက်အကူပြုသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် တောတောင်များရှိပြီး အနောက်ဘက်၌ ဧရာဝတီမြစ်ကိုဖြတ်၍ တည်ဆောက်ထားသော ဗလမင်းထင် တံတားရှိသည်။မြောက်ဘက်တွင် မိုင်းနားကျေးရွာ နှင့် ဆက်စပ်၍ တောင်ဘက်တွင် မခေါယန် ကျေးရွာရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည်။

(ခ) **သဘာဝအရင်းအမြစ်**

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမထွက်ရှိပါ။သို့သော်လည်း သဘာဝတိရိစ္ဆာန်မျိုးစိတ်များနှင့်ဆေးဖက်ဝင်အပင် များ အနည်းငယ်ရှိသည်။တောင်သူများသည် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးကြသည်။ဆည်မြောင်းများ မရှိ၍ မိုးစပါးတစ်မျိုးတည်းသာ စိုက်ပျိုးကြသည်။

(၃)**ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) **လူဦးရေဆိုင်ရာအချက်အလက်**

အိမ်ထောင်စုပေါင်း(၁၃၆)စုနှင့် ကျား(၃၇၇)၊မ(၃၇၅)ဦးဖြင့် လူဦးရေစုစုပေါင်း(၇၅၂)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၅)ဦးနှုန်းထက်ရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦးထက်များသည်။ ကျေးရွာတွင် ကချင်၊လီဆူ လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိ လူဦးရေ ပေါင်း၏ (၅၅%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြား ပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည့်အလုပ်လုပ်နိုင်သောအရွယ်အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၂%)မျှရှိပါသည်။

(ခ)**စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းအများစုမှာ လက်လုပ်လက်စားဖြစ်သာ လုပ်ကိုင်စားသောက်ကြသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၈၀%)သည် ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့် အဖြစ်ခံယူကြီးပြီး (၇%)အိမ်ထောင်စုသည် ချမ်းသာသည့် အဆင့်၊(၂၉%)အိမ်ထောင်စုသည်

အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်သူ အနည်းစု သာရှိပြီး အချို့လယ်သမားများ ငှားရမ်း၍ လုပ်ကိုင်ကြပြီး လယ်ယာသုံးစက်ကိရိယာများ မရှိကြပါ။ ချမ်းသာသောလယ်သမားများအပြင် အခြားလယ်သမားအချို့မှာ လယ်ယာပြီးစီးသောအခါ စားဝတ်နေရေး အတွက် ငွေကြေးရှာရန် ခရီးထွက်ကြသည်။ငွေချေးအိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေး ကြေးရေးအသင့်အတင့် အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင် သော လက်သမားများ၊ လက်လုပ်လက်စား၊မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေအတွက်မြင့်မားပြီး(၅၉%)ထိ ရှိကာ အလွန်ဆင်းရဲအိမ်ထောင်စုမှာ အများဆုံးဖြစ်ကြသည်။

(ဂ)ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းများနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန် ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%)ကို လေ့လာဆန်းစစ်မှုအရ အိမ်ထောင်စုအားလုံးသည် (၃)လမှ (၅)လခန့်၊ သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နှပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ကျန်သောလများမှ အကြွေးတင်ရှိပြီး တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ (၁၀၀၀၀)ကျပ်မှ (၁)သိန်းကျပ်ထိ တင်ရှိကြသည်။

အိမ်ထောင်စုအားလုံး၏ (၂%)ခန့်သည် အမျိုးသမီးဦးဆောင်အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင် စုများမှာ ဆင်းရဲကာ မိသားစုဦးရေများပြားကြသည်။မုဆိုးဖို၊တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်စု(၁၀)စုသည် ဆင်းရဲပြီး ထိခိုက်လွယ်သောအိမ်ထောင်စုများဖြစ်ကြသည်။အခြားထိခိုက်လွယ်သောအိမ်ထောင်စု(၃)ဦးနှင့် မိသားစုစောင့်ရှောက်မှုနည်းသူများဖြစ်သည့် သက်ကြီးရွယ်အို(၆)ဦးတို့ဖြစ်ကြသည်။ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေးအတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များ ရှိကြသည်။

(ဃ)ကျန်းမာရေးနှင့်အဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြသည်။သို့သော် ဆင်းရဲ၍ ငွေကြေးမလုံလောက်သောကြောင့် အာဟာရချို့တဲ့မှုအနည်းငယ်ရှိသည်။ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေး ရောဂါမှာ ယခုနှစ် ပိုင်းတွင် လျော့နည်းကြောင်း တွေ့ရသည်။အမျိုးသမီးလူငယ်လူရွယ် သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေးအသိအမြင်များ ရှိလာကြသောကြောင့် ဖြစ်သည်။ ကျေးရွာမှ မြို့နယ်ဆေးရုံသို့သွားရန် (၈)မိုင်ခန့်ကွာဝေးပြီး ဆေးဆိုင်များနှင့်လည်း လက်လှမ်းမှီမှု ရှိသည်။ သို့သော် ကျေးရွာအတွင်း ဆေးခန်း၊ဆေးဆိုင်များ မရှိပါ။

(င)ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အားနည်းကြောင်း တွေ့ရှိရပါသည်။ရွာသား အများစုသည် အခြေခံအရေး၊အဖတ်၊အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အနည်းငယ်မျှရှိသည်။ ကျေးရွာ

တွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း၊အလယ်တန်း၊အထက်တန်းကျောင်း တို့တွင် တက်ရောက်သင်ကြားပြီး အခြားသောနီးစပ်ရွာသို့ သွားရောက်သင်ယူကြသည်။ကျောင်းသား/သူအများ စုသည်ခြေလျှင်ဖြင့် တက်ရောက်သူများပြီး အချို့မှာစက်ဘီးဖြင့် သွားရောက်ကြသည်။ကျေးရွာတွင် အသက်မွေး ဝမ်းကျောင်းကျွမ်းကျင်မှုမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ)ကျား-မရေးရာကိစ္စဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်းလည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းမွန်စွာ သတ်မှတ်ထားကြသည်။သို့သော်ကျေးရွာစီမံခန့်ခွဲမှုတွင် အမျိုးသမီးများက အိမ်မှုကိစ္စများသောကြောင့် တက်ကြွစွာပါဝင်ဆောင်ရွက်ရာတွင် အားနည်းသည်။ ကျေးရွာတွင်း ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်။သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ စိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အား၊လျော့နည်းပြီးရကြသည်။ကျား-မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှုတို့အတွက် ပိုမို အထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၁)ဖွဲ့သာရှိသည်။နာရေးကိစ္စအပါ ဝင် လူမှုရေးကိစ္စများကို ကျေးရွာရှိ ရွာသူ/သားများက ဝိုင်းဝန်းလုပ်ဆောင်ကြသည်။ဘာသာရေးအဖွဲ့မှ ဖွဲ့စည်းပေးထားသော အသေးစားငွေစုငွေချေးလုပ်ငန်းကိုလည်း လည်ပတ်ဆောင်ရွက်လျှက်ရှိသည်။ယင်းငွေစုငွေချေးလုပ်ငန်းကို (၂၀၁၆-၂၀၁၇) ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

(ခ)သီးနှံနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးကြသည်။မိုးစပါးစိုက်ကိုသာ စိုက်ပျိုးကြသည်။မြေဆီမြေဩဇာလိုအပ်မှုများကြောင့် စပါးအထွက်နှုန်းမှာ အသင့်အတင့်မျှသာရှိသည်။စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှု ရရှိခြင်းမရှိ၊စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှု များပေးခြင်းမရှိပါ။တောင်သူအများစုသည် လုပ်ငန်းခွင်အတွက် အလုပ်သမားများ မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ အလုပ်

သမား ငှားခ မြင့်သောကြောင့် အထွက်နှုန်းနှင့်အကျိုးအမြတ် မမျှတခြင်းအဖြစ်များ ကြုံတွေ့ရပါသည်။ တစ်ခါ တစ်ရံတွင် မိုးရွာသွန်းမှုမညီမျှ မှုများလည်း ရှိသည်။

ကျေးရွာတွင် ဝက်မွေးမြူသူအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ (၇၀%)ဝန်ကျင်ရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ဒေသကြက်မွေးသည့်အိမ်ထောင်စုလည်း တစ်ရွာလုံး၏(၈၃%)ခန့်ရှိပြီး ရာသီ အလိုက် ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများအထူးသဖြင့် ကြက်လည်လိမ်နှင့် ဝက်ရောဂါအဖြစ်များပြီး ရောဂါကြောင့် သေဆုံးပျက်ဆီးမှုများနှစ်စဉ်ကြုံတွေ့လေ့ရှိသည်။ကျေးရွာတွင် မွေးမြူရေးကို တစ်နိုင်တစ်ပိုင်သာ မွေးမြူကြသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေလုပ်ငန်းများမှာ နေ့စားအလုပ် များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ စျေးရောင်း၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ဖြစ်ကြသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင် များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏အလား အလာ ကောင်းတစ်ရပ်ဖြစ်သည်။ဘာသာရေးအဖွဲ့အစည်းမှ သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေး နိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ဆံပင်အလှပြင်၊မုန့်လုပ်နည်း၊မော်တော်ဆိုင်ကယ်ပြင် စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ် နိမ့်ကျကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း မတတ်နိုင်ကြချေ။ အဓိက လိုအပ် ချက်မှာ ငွေကြေး အရင်းအနှီးလုံလောက်စွာ မရှိခြင်းကြောင့် ဖြစ်သည်။

(ဃ) **သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။မုန်တိုင်းဘေးအန္တရာယ်၊ရေလွှမ်းမိုးမှုများ မရှိပါ။

(င)**ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေ ကို(၁)နှစ် အတိုးနှုန်း(၅)ကျပ်တိုး၊(၁)ဧကလျှင် (၁)သိန်းကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧကအတွက် ချေးယူနိုင် ကြသည်။ ချေးငွေဆပ်ရမည့်ကာလတွင် လယ်သမားအချို့မှာ ဝမ်းစာမဖူလုံမှုကြောင့် အချိန်မှီဆပ်ရန် အခက်အခဲအနည်း ငယ်ရှိသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းအရင်းမျိုးစုံ(ရိက္ခာ၊ကျန်းမာရေး၊ပညာရေး) တို့ အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း

တွေ့ရှိရပါသည်။ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ(၁၀၀၀၀)ကျပ်မှ (၁၀၀၀၀၀၀)သိန်းကျပ်အထိ ချေးယူထားကြောင်း တွေ့ရှိရသည်။ထိုအိမ်ထောင်စုများ၏ အများဆုံးသည် အကြွေး ငွေ(၂၀၀၀၀၀)အောက်ချေးယူထားပြီး အိမ်ထောင်စု(၁)စုသာလျှင် (၁၀၀၀၀၀၀)အထက် ချေးယူထားကြောင်း တွေ့ရှိခဲ့ပါသည်။ငွေစုငွေချေးလုပ်ငန်းများကို ဘာသာရေးအဖွဲ့အစည်းဖြစ်သော ဂရုဏာငွေစုငွေချေးလုပ်ငန်းမှာ ချေးယူရရှိကြသည်။

(စ) **ပညာရေး၊ကျန်းမာရေး၊ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် ကျောင်းများမရှိသောကြောင့် အခြားကျေးရွာသို့ သွား၍ပညာသင်ယူကြရသည်။ကျေးရွာထဲတွင် မူလတန်းကျောင်းသား စုစုပေါင်း(၈၈)ဦး၊အလယ်တန်းကျောင်းသားစုစုပေါင်း(၈၀)ဦးနှင့်အထက်တန်းကျောင်းသားဦးရေ စုစုပေါင်း(၃၅)ဦးတို့ ပညာသင်ယူနေကြသည်။သို့သော် မူလတန်း၊အလယ်တန်းနှင့် အထက်တန်းကျောင်းတို့တွင် ကျား ဦးရေသည် မ ဦးရေထက် ကျဆင်းလာသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။အနီးအနားကျေးရွာရှိ ဆေးပေးခန်းများသို့ သွားရောက်ကုသကြသည်။မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပြီး အချို့သောနေရာများတွင် မီးတိုင်များ မရောက်ရှိသေးသောကြောင့် မီးမရရှိပါ။ကျေးရွာရှိ အများစုသည် အိမ်တွင်းလက်ငင်ရေတွင်းများ ရှိကြသည်။အချို့ချမ်းသာသော အိမ်ထောင်စုများတွင် အိမ်သာကို အုတ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသောအိမ်ထောင်စုများသည် ပျဉ်တိုင်နှင့် ဝါးထရံများကိုသာ ကာ၍ ဆောက်လုပ်ကြသည်။တစ်ရွာလုံးယင်လုံအိမ်သာပြုလုပ်ကြသောကြောင့် ရေမှ ဖြစ်တတ်သောရောဂါများဖြစ်ပွားမှုလျော့နည်းသည်။

(ဆ)**လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ဘောလုံးကွင်းမရှိသောကြောင့် လူငယ်များသည် ရွာထဲရှိကွင်းပြင်များသို့ ရွှေ့ပြောင်းကစားကြသည်။ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။

(ဇ)**အခြေခံအဆောက်အဦ လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ရွာလယ်လမ်းများကို သဲကျောက်လမ်းများခင်းထားသည်။ဆက်သွယ်သွားလာရေးကို ဆိုင်ကယ်၊ စက်ဘီးနှင့်ကားများကို အသုံးပြုကြသည်။ရေလမ်းခရီးအသုံးပြုမှု မရှိပါ။

ကျေးရွာလျှပ်စစ်မီးကို ၂၀၁၆ဖေခုနှစ်မှစ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံးသွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။ဖုန်းဆက်သွယ်ရေးကို စျေးကွက်နှင့်အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်း မွန်ပြီး အခြားသတ်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ရွာသားများသည် သတင်း

စာ၊ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်းဆက်သွယ်ရေးမှာ အတော်အသင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(ဈ)**တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် ဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိ နိုင်သည်။ ကျေးရွာအနီးတွင် ရဲစခန်းနှင့်ဂိတ်များရှိသောကြောင့် အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးသည်။

၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်း သက်သာသည့်လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူ/သားများအတွက် စာဖတ်ချိန်အထောက် အပံ့ ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ (၅၄%)မှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေ အတွက် အနည်းငယ်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်း များတွင် လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန် စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေး ပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများတို့လည်း အလွယ်တကူလက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကူသလိုမှုအတွက်လည်း ဝိုင်းမော်မြို့နှင့် မြစ်ကြီးနားမြို့ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီမြေဩဇာအတော်အသင့် ကောင်းသည်။တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေးနိုင်သည်။ ကျေးရွာတွင် မိုးစပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးကြသည်။မိုးရွာသွန်းမှုမှာ စပါးစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ကျေးရွာသည် ဝိုင်းမော်မြို့နှင့်မြစ်ကြီးနားမြို့သို့ ကူးသန်းသွားလာနိုင်သည်။လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မှီ တင်ပို့ရောင်းချနိုင်သည်။

(ခ)**အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်တင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများ မထွက်ရှိပါ။စပါးအထွက်ကောင်းသော်လည်း ဖျက်ပိုးများသောကြောင့် စပါးအထွက်နှုန်းနည်းသည်။ဖျက်ပိုးနှိမ်နှင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာအကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးကျင့်သုံးနိုင်ရေးအထောက်အပံ့များရရှိရန် လိုအပ်သည်။ကျေးရွာတွင် ငွေတိုးချေးသူ

များရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ကျေးရွာတွင် အိမ်တွင်းမှုထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊အသိပညာ၊အထိအတွေ့တို့အားနည်းပါသည်။

၆။ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ် တာကာလအတွက် ကျေးလက်ဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရေးရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေး ငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေ ပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(ခ)အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက် ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်း နှင့် ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ၊ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့်ချိတ်ဆက်ပေး မည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထားသူများမှတဖန် ကျေးရွာတွင်ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ် လုပ်မှုတိုးတက်စေမည်။

(ခ-၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ဇာထိုးပန်းထိုးတို့နှင့်မုန့်လုပ်နည်း၊ဆံပင်ညှပ်၊စက်ပြင်၊မော်တော်ဆိုင်ကယ်ပြင်နှင့် ဖုန်းပြင် စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင် တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်း များ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

(ခ-၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်း ဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြှင့်လာရေးအတွက် ဆောင်ရွက်သည်။ပညာရေးဌာနနှင့် ချိတ် ဆက်ပြီး အထက်တန်းကျောင်းတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မခန့်ထားရရှိ နိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ခ-၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။တစ်ချိန်တည်းတွင် ကျေးရွာအဆောက် အအုံ များကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင် စွမ်းကိုလည်းတိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေ ပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိ အောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့်ကိစ္စ**

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြ ထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ် တို့ကျေးရွာ အဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေ ဖော်ထုတ်ပေးနိုင်ကြ ပါသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန် အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေး အစီအစဉ် များကိုလည်း သတ် မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်များ ပြင်ဆင်ရန်ဖြစ်သည်။

(ခ) **စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးတစ်မျိုးတည်းကိုသာ စိုက်ပျိုးကြသည်။တောင်သူများအတွက် သီးနှံဖျက်ပိုး ကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေးအတွက် နည်းစနစ် ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေး အတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများ မရှိပါ။ စိုက်ပျိုးရေး အတွက် ကုန်ပစ္စည်းများရောင်းချသည့်ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။နည်းပညာ

အသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွတ်ပြုသင့်ပါသည်။

(ဂ)**ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမား နှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက် များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်း မရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေ လိုအပ်သူရွာသူများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

၈။ **စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှု များအဖြစ် သဘောတရားနားလည်စေနိုင်မည့် ဖော်ထုတ်ချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များ သည် (၅)နှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ် ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကတွက်ချက်မှုများဖြစ်သည်။

(က) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက (၅)နှစ်တာ စီမံချက်ကာလအတွက်ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာ လူထုသည် (၂)နှစ်၊(၃)နှစ်ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း(၅)နှစ်တာ ကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ် သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့်(၅)နှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာ မြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ကို ဆောင်ရွက်သွားကြပါမည်။

(ခ) **ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်း ရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional Classification) ဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများ အလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစား ကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Functional Classification)သည် စီမံချက်များကို အကဲဖြတ် ရာတွင်

စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံး၊ငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူ ပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ဦးစီးဌာနများ ကယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်-

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ ပါဝင်သည်။

(ဂ) **ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာအဖွဲ့များနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ					
ကဏ္ဍ	**စီမံချက်**	**ရမှတ်ပေါင်း**	**အဆင့်**	**စီမံချက်အကြောင်းရှင်းလင်းဖော်ပြချက်**	**မှတ်ချက်**
စိုက်ပျိုးရေးကဏ္ဍ စိုက်ပျိုးရေးသွင်းအားစုနှင့် နည်းပညာသင်တန်း	၂။စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေး	၇၅	၅	-စိုက်ပျိုးရေးသွင်းအားစု ဆက်သွယ်မှုရရှိရန် -မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေးနည်းပညာသင်တန်း -ဆည်မြောင်းများ ဖောက်လုပ်ပေးခြင်း -စပါးအထွက်တိုး နည်းပညာသင်တန်း(ပိုးမွှားနှင့်ရောဂါ) -စိုက်ဘဏ်မှချေးငွေကို ကာလတိုးမြှင့်ပေးရန် -မြေဆီမြေဩဇာများ ရရှိစေရန်	စိုက်ပျိုးရေး ဦးစီးဌာန
အခြားဝင်ငွေရလုပ်ငန်းများသင်တန်း၊စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း	၄။ အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၇၀	၆	-ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာပေးခြင်း (စက်ချုပ်၊မုန့်လုပ်၊စက်ပြင်၊ဆိုင်ကယ်ပြင်) -အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာ ပံ့ပိုးမှု တင်ပြတောင်းဆိုခြင်း -အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းသက်ဆိုင်သောမူဝါဒ၊နိုင်ငံခြားသို့ အလုပ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့်လုပ်ထုံးလုပ်နည်း၊မူဝါဒ	ကျေးလက်ဦးစီးဌာန
ပညာရေးကလေးပညာရေးဖွံ့ဖြိုးရေး	၆။ကျေးရွာ၏ ပညာတတ်မြောက်မှုတိုးတက်ရေး	၈၅	၃	-ကျေးရွာအတွင်း မူလတန်းကျောင်း ရရှိစေရေး -ကျေးရွာ၏ ပညာရေးတိုးတက်ရန်အတွက် သင်ထောက်ကူ ပစ္စည်းများ၊ဆရာမအဆောင်များ ပံ့ပိုးဆောင်ရွက်ခြင်း	ပညာရေးဦးစီးဌာန
ကျန်းမာရေးကျေးရွာ၏	၇။ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ	၉၀	၂	-ကျေးလက်ဆေးပေးခန်းတွင် ပရိဘောဂနှင့်ဆေးဝါးများလုံလောက်မှုရှိရန် မြို့နယ်ကျန်းမာရေးဌာနနှင့်ချိတ်ဆက်ခြင်း	ကျန်းမာရေးဦးစီးဌာန

ကျန်းမာရေးတိုးတက်လာစေရေး	တိုးတက်လာစေရေး			-ကျန်းမာရေးဝန်ထမ်းတိုးမြှင့်ပေးရန် -ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း	
လမ်းပန်းဆက်သွယ်ရေး လမ်း၊တံတားကောင်းမွန်လာစေရေး	၉။ပို့ဆောင်ရေးအခြေခံအဆောက်အဦများတိုးတက်လာစေ ရေး	၉၅ ၉၅	၁ ၁	-ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်း၍ ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း -ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း -ရွာတွင်းကွန်ကရစ်တံတားငယ်များတည်ဆောက်ခြင်း	ကျေးလက်ဦးစီးဌာန
လူငယ်၊ယဉ်ကျေးမှုနှင့်အားကစားလူငယ်များစွမ်းဆောင်ရည်တိုးတက်လာစေရေး	၁၀။လူငယ်များကျန်းမာကြံ့ခိုင်ပြီးစာပေဗဟုသုတလေ့လာနိုင်စေရေး	၈၀	၄	-အားကစားကွင်းနှင့်ပစ္စည်းများတင်ပြတောင်းခံခြင်း -စာကြည့်တိုက်များ ပြန်လည်အသက်ဝင်လာစေရန် စာအုပ် များဖြည့်ဆည်းခြင်း၊စာပေဟောပြောပွဲများပြုလုပ်ခြင်း -ထူးချွန်လူငယ်များအား အသိအမှတ်ပြုဆုပေးပွဲများပြုလုပ်ပေးခြင်း	ပြန်/ဆက်ဦးစီးဌာန

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	**စီမံချက်(Project)**	ဦးစားပေးအဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ပို့ဆောင်ရေးအခြေခံ အဆောက် အဦများ တိုးတက်လာစေရေး	၁	A	A	A	A	A
၂	ကျေးရွာ၏ကျန်းမာရေးကဏ္ဍ တိုးတက် လာစေရေး	၃	A	A	A	A	
၃	ကျေးရွာ၏ ပညာရေးတတ်မြောက် မှု တိုးတက်လာစေရေး	၂	A	A	A	A	
၄	လူငယ်များအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး	၄	A	A	A	A	A
၅	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ဗဟုသုတ ကျွမ်းကျင်မှုများ တိုးတက်ရေး	၅	A	A	A	A	
၆	အလုပ်အကိုင် အခွင့်အလမ်း များပြားလာစေရေး	၆	A	A	A	A	A

၉။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာအဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင် ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့သည် အချို့စီမံချက် များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်း များ ထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်း ကိရိယာ၊အချိန် စသည်တို့)

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	မူးယစ်ဆေးဝါးပပျောက်ရေး	✓				
၂	ကျေးရွာ၏ ပညာရေးတက်မြောက်မှု တိုးတက်လာစေရေး			✓		
၃	ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက် လာစေရေး	✓				
၄	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး		✓			
၅	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတကျွမ်း ကျင်မှုများ တိုးတက်ရး		✓			
၆	မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက် ရေး			✓		
၇	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး				✓	
၈	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး					✓
၉	သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည် ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ရေး			✓		
၁၀	လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင် ပေးရေး				✓	

၁၀။ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်ပါသဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင် ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ)**ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

